**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ**

**၁၉၇၃ ခုနှစ်၊ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေ**

**[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၁။]**

**ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၅ ရက်။**

**(၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)**

အောက်ပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၇၃ ခုနှစ်၊ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ၁၉၇၃-၇၄ ဘဏ္ဍာရေးနှစ်၏ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ ကုန်ဆုံးသည့် ကာလအတွက် ဖြစ်ရမည်။

(၃) ဤဥပဒေသည် ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေ အရ-အသုံးသည်လည်း ကောင်း၊ တော်လှန်ရေးကောင်စီမှအပ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရပိုင်းတခုလုံး၏ ဘဏ္ဍာငွေ အရ-အသုံးသည်လည်းကောင်း ပြည်သူ့ဘဏ္ဍာရံပုံငွေဖြင့် လုပ်ကိုင်သွားရမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရသည်၊ အစိုးရလက်အောက်ခံ စီးပွါးရေးလုပ်ငန်းများကို သီးသန့်ရင်းနှီးငွေနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ငွေများကို ခွဲဝေပေးထားနိုင်သည်။ ယင်းကဲ့သို့ ခွဲဝေပေးထားသည့် ငွေများသည်လည်း ပြည်သူ့ဘဏ္ဍာရံပုံငွေ၏ အစိတ်အပိုင်းသာဖြစ်ရမည်။

၃။ ။ (၁) ၁၉၇၃-၇၄ ဘဏ္ဍာရေးနှစ်၏ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ ကုန်ဆုံးသည့်ကာလအတွင်း စုစုပေါင်း ကျပ်ငွေခြောက်ရာကုဋေအထိ၊ ပြည်ထောင်စု မြန်မာ နိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ် များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ ပြည်သူ့ဘဏ္ဍာရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့် ချေးငွေများအတွက် ပြန်ဆပ်ရန် ငွေရင်းနှင့် အတိုးကိုလည်းကောင်း၊ ကုန်ကျသည့် စရိတ်ငွေများကိုလည်းကောင်း ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ပေးရမည်။

၄။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေ အရ-အသုံးနှင့်သက်ဆိုင်သော ပြည်သူ့ဘဏ္ဍာရံပုံငွေကို တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေးကော်မီတီက စီမံခန့်ခွဲရမည်။

(၂) တော်လှန်ရေးကောင်စီမှအပ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပိုင်း၏ ဘဏ္ဍာငွေ အရ-အသုံးနှင့် သက်ဆိုင်သော ပြည်သူ့ဘဏ္ဍာရံပုံငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စီမံခန့်ခွဲရမည်။

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေး ကော်မီတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရဝန်ကြီးချုပ်နှင့် ဝန်ကြီးအသီးသီးသည်၊ အောက်ပါဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် တပြေးတည်း ဖေါ်ပြထားသော ဘဏ္ဍာငွေ ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေး နည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့် အညီ စီမံအုပ်ချုပ်ရမည်။

(ပုံ) ဦးနေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်။

(၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊

(ပုံ) ဒုတိယဗိုလ်မှူးကြီး မြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား (၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဇယား (၂) ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဇယား (၃) အစိုးရ လက်အောက်ခံကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ်များ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ဇယား (၄) အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ

Myanmar Law Information System (MLIS)